**ဖြစ်ရပ်လေ့လာခြင်းများ**

**အခြေအနေ ၁ -**

ဆန်းက UNHCR နဲ့ UNFPA က ရန်ပုံငွေထောက်ပံ့တဲ့ ပြည်တွင်းအစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတစ်ခုမှာ အလုပ်လုပ်ပါတယ်။ တစ်နေ့မှာ ဆန်းနဲ့ သူ့ရဲ့ရုံးကလုပ်ဖော်ကိုင်ဖက်ငါးယောက် (အားလုံးအမျိုးသားများ) ဟာ ရှမ်းပြည် နယ်နဲ့ ကချင်ပြည်နယ်မှာ ရှိတဲ့ရွာတွေကို ပလတ်စတစ် အမိုးအကာ၊ အဂတ်အထည်၊ ဖိနပ်၊ နဲ့ ချက်ပြုတ် ရေးသုံးပစ္စည်းစတဲ့ အရေးပေါ်သုံးပစ္စည်းတွေ ဖြန့်ဝေပေးဖို့ ကားမောင်းပြီး ထွက်ခဲ့ကြပါတယ်။ ဆောင်းရာသီ မှာ ရာသီဥတုပြင်းထန်ပြီး သူတို့သွားမယ့် ရွာတွေမှာရှိတဲ့ အိမ်ထောင်စုတွေဟာ မကြာသေးခင်က ပြည်နယ် အတွင်းမှာ လက်နက်ကိုင်အဖွဲ့တွေအကြား ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခကြောင့် ပျက်စီးဆုံးရှုံးမှု အနည်းနဲ့အများ ကြုံတွေ့ခံစားခဲ့ရပြီး အပူပေးစနစ်ဘာမှမရှိတဲ့အတွက် ဆန်းရဲ့ရုံးက ဆောင်းရာသီသုံး ပစ္စည်းတွေ အထူးသဖြင့် စောင်တွေကို မှာထားပါတယ်။ ရွှေ့ပြောင်းနေရာချထားခံရတဲ့ ရပ်ရွာလူထုအတော်များများ အထူး သဖြင့် အမျိုးသားအများစုက အလုပ်လုပ်ဖို့အတွက် တစ်နယ်တစ်ကျေး ကို ပြောင်းရွှေ့သွားလာနေကြလို့ ကျေးရွာတွေရဲ့ ၈၀% လောက်သော လူဦးရေအဖြစ် ကျန်ခဲ့တဲ့ အမျိုးသမီးများနဲ့ တွေ့ပြီး မေးမြန်းတဲ့အခါမှာ သူတို့တွေဟာ လာမယ့် ဆောင်းရာသီမှာ အစားအစာ၊ နဲ့ စောင်တွေ မဝယ်နိုင်တဲ့အတွက် သူတို့ရဲ့ ကလေး ငယ်တွေအတွက် အရမ်းပဲ စိုးရိမ်နေကြပြီး နောက်တစ်ခါ ပစ္စည်းတွေ ဖြန့်ဖြူးပေးတဲ့အခါ စောင်နဲ့ဆောင်းရာသီဂတ်အဂတ်အထည်တွေပေးဖို့ကိုပဲ ထပ်ခါထပ်ခါ တောင်းခံကြပါတယ်။ ၃ ကြိမ် သွားရောက် ခဲ့စဉ် အတွင်းမှာ ဆန်းနဲ့ သူ့ရုံးကလူတွေကို တစ်ဒါဇင်ထက် မနည်းတဲ့ အမျိုးသမီး တွေက စောင်တွေ ဘယ်လိုရနိုင်မလဲ၊ သူတို့တွေ အရမ်းစိတ်ဓါတ်ကျနေပါပြီ ပြီးတော့ သူတို့ရဲ့ ကလေးငယ်တွေကို အေးခဲနေ တဲ့ ဆောင်းရာသီမှာ နွေးထွေးအောင် ထားချင်ပါတယ်၊ ပြီးတော့ ကလေးတွေကို ကျောင်းပို့ချင်ပါတယ် ဘယ်လိုလုပ်ရမလဲလို့ လာလာမေးကြပါတယ်။

**မေးခွန်းများ -**

၁. ဒီအခြေအနေမှာ ဖြစ်နိုင်ချေရှိတဲ့ ပြဿနာတွေက ဘာတွေလဲ?

၂. လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနဲ့ အလွဲသုံးမှုတွေဖြစ်လာဖို့ အလားအလာတွေက ဘာတွေလဲ?

၃. ဘယ်လို ကြိုတင်ကာကွယ်တားဆီးရေးနဲ့ တုံ့ပြန်ရေး ယန္တရားတွေထားရှိသင့်လဲ ထားရှိရမလဲ?

၄. အခြေအနေလေ့လာချက်နဲ့ တွေ့ရှိရတဲ့ ပြဿနာတွေကို သင်တက်ရောက်ခဲ့တဲ့အခြေအနေ လေ့လာရေးလုပ်ငန်းအဖွဲ့မှာ ဆွေးနွေးခဲ့ပါတယ်။ ဘယ်လိုအကြံပြုချက်နဲ့ လုပ်ငန်း ဆောင်ရွက်ချက်တွေကို သင်အကြံပေးချင်ပါသလဲ။

**အခြေအနေ ၂ -**

တွမ်က ဂန်ထမ်းအသစ်ပါ။ ဒါဟာသူ့အတွက် နိုင်ငံတကာအဖွဲ့အစည်းတစ်ခုနဲ့ နိုင်ငံရပ်ခြားမှာ အလုပ်လုပ်ရတဲ့ ပထမဆုံး သော အလုပ်ပါ။ ဒါဟာ သူဇနီးနဲ့ ကလေးနှစ်ယောက်နဲ့ ပထမဆုံးခွဲရတာပါ။ သူ ရန်ကုန်ကို ရောက်ခါစပဲရှိပါသေးတယ်။ ပြီးခဲ့တဲ့ နှစ်အနည်းငယ်မှာ ဖြစ်ခဲ့တဲ့ ပဋိပက္ခတွေကြောင့် နိုင်ငံတစ်ပှမ်း ရွှေ့ပြောင်းနေရာချထားခံရတဲ့ ပြည်သူတွေ ပိုများ လာသလို မြို့တော်တွေဆီကိုရွှေ့ပြောင်းနေကြတဲ့ သူတွေလည်း ပိုများလာတဲ့အတွက် တစ်ချို့နေရာတွေမှာ လူဦးရေထူထပ် လာပြီး နေရာထိုင်ခင်း ကျပ်တည်းတာနဲ့အမျှ လူမှုရေးဂန်ဆောင်မှုတွေ ကျဆင်းလာပြီး တိုးပွားလာတဲ့ လူဦးရေရဲ့လိုအပ်တဲ့ လူမှုရေးဂန်ဆောင်မှုတွေကို ပေးနိုင်ဖို့ ဂန်ဆောင်မှုပေးသူတွေက ရုန်းကန်ကြိုးစားနေကြရပါတယ်။ တွမ်က ကာရာအိုကေ ဆိုင်တွေအများကြီးရှိတဲ့ မြို့တော်ရဲ့ အထင်ကရနေရာတစ်ခုမှာ တိုက်ခန်းငှားပြီးနေပါတယ်။ တကယ်တော့ မိန်းကလေးငယ် အများအပြားက မြို့တော်မှာ အလုပ်လာရှာကြပြီး အဲ့ဒီ ကာရာအိုကေ ဆိုင်တွေမှာ အလုပ်လုပ်နေကြတယ်လို့ အခန်း

ပိုင်ရှင်က တွမ်ကို သတိပေးထားပါတယ်။ အခန်းပိုင်ရှင်က တွမ်ကို "အဲ့ဒီကာရာအိုကေဆိုင်တွေက ကောင်မလေးတွေက အရမ်းညို့အားပြင်းပြီး ဆွဲဆောင်မှု လည်းရှိတယ်၊ သတိထားပါ" လို့ ပြောထားပါတယ်။ ရုံးကနေ အိမ်ကိုပြန်လာတဲ့ ညနေခင်းတစ်ခုမှာတော့ တွမ် ကာရာအိုကေဆိုင်တစ်ဆိုင်ကို ဖြတ်လျှောက်လာတဲ့အချိန်မှာ အရမ်းလှတဲ့ မိန်းကလေးငယ် အုပ်စုတစ်စုကို အပြင်မှာရပ်နေတာတွေ့ရပါတယ်။ သူတို့က တွမ်ကို ဆိုင်အကြောင်းရှင်းပြပြီး အထဲဝင်ဖို့ တိုက်တွန်းဖိတ်ခေါ်ကြပါတယ်။

**မေးခွန်းများ**

၁. တွမ်ဘာကိုစိတ်ပူသင့်သလဲ ပြီးတော့ သူဘယ်လိုတုံ့ပြန်သင့်လဲ?

၂. တွမ်က သင့်ကို ဒီအတွေ့အကြုံကို ပြောပြတဲ့အခါ သင်ဘာလုပ်မလဲ?

၃. ဒီလိုအနေအထားမျိုးမှာ အလုပ်လုပ်ရတဲ့အခါ အဖွဲ့အစည်းအနေနဲ့ ဘာလုပ်နိုင်လဲ/ ဘာလုပ်သင့်လဲ?

**အခြေအနေ ၃ -**

ပေါင်လာဟာ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးလုပ်ငန်းတွေနဲ့ နှစ်ပေါင်း ၃၀ အတွေ့ အကြုံရှိသူပါ။ ရခိုင်ဒေသမှာဖြစ်ခဲ့တဲ့ ရေကြီးမှု အကူအညီပေးရေးလုပ်ငန်းတွေမှာ သူမပါဝင်ခဲ့ပြီး ရက် သတ္တပတ် အနည်းငယ်အပြီးမှာတော့ သူမကိုသူမ ဆုချတဲ့အနေနဲ့ နာမည်ကြီး အရက်ဆိုင်တစ်ဆိုင်ကို သွားပြီး အပန်းဖြေခဲ့ပါတယ်။ ဘီယာ ၃ ခွက် သောက်အပြီးမှာတော့ သူမက မြန်မာစကားပြောဖို့ လေ့ကျင့်တဲ့ အနေနဲ့ ဒေသခံတွေကို စကားလိုက်ပြောပါတော့တယ်။ သူမဟာ အရမ်းဆွဲဆောင်မှုလည်းရှိ၊ နှစ်လိုဖွယ် လည်းကောင်း စကားပြောလည်းကောင်းတဲ့ အသက် ၁၆ ဒါမှမဟုတ် ၁၇ ဝန်းကျင်လောက်ရှိမယ့် 'ထူး'လို့ခေါ်တဲ့လူငယ်လေးတစ်ယောက်နဲ့ခပ်မြန်မြန်ပဲမိတ်ဆွေတွေဖြစ်သွားကြပါတယ်။ ကောင်လေး က သူ့အသက်ထက် ပိုကြီးတယ်လို့ထင်ရသလို အသက်နဲ့မလိုက်အောင်လည်း ဉာဏ်ကောင်းပါတယ်။ သူမဟာ သူပြောပြတဲ့ သူ့မိသားစုက လက်တလော ရေဘေးမှာ ဘယ်လိုအသက်ရှင်ကျန်ခဲ့ကြောင်း၊ သူ့ရဲ့အမက အခြေအနေတွေ မငြိမ် မသက်ဖြစ်ပြီး လတ်တလောရေဘေးမှာ ပျက်စီးမှုတွေကြောင့် မြို့ထဲက စားသောက်ဆိုင်ကို ပိတ်လိုက်ရတဲ့အကြောင်း၊ သူ့အမက သူတို့မိခင်နဲ့ မိသားစုကို ဆက်ပြီး မထောက်ပံ့နိုင်တော့ ကြောင်း ဇာတ်လမ်းတွေမှာ နစ်မျောသွားပါတော့တယ်။ ကောင်လေးနဲ့ သူ့အမေက သူ့အမနဲ့ သူ့အမရဲ့ ကလေးငါးယောက်နဲ့အတူနေပါတယ်။ မြို့က မလုံခြုံပဲ လမ်းပေါ်မှာ မှုခင်းတွေ ဖြစ်ပွားနှုန်းတွေကလည်း မြင့်တက်နေတာမို့ သူမဘေးကင်းကင်းနဲ့ အိမ်ရောက်ဖို့ ထူးက ပေါင်လာကို အိမ်ကို လိုက်ပို့ပေးပါတယ်။ ကောင်လေးက သူမကို လက်ရှိလူသားချင်းစာနာထောက်ထားမှု တုံ့ပြန်ရေးလုပ်ငန်းတွေမှာ အလုပ်တစ်နေရာပေးပေးဖို့ တောင်းဆိုပါတယ်။ ပေါင်လာဟာ ထူးကို အရမ်းသဘောကျသွားတော့ သူနဲ့အတူ အပြင်ထွက်လည်ပတ်ဖို့နဲ့ ထပ်တွေ့ကြဖို့၊ ကောင်လေးကို အလုပ်တစ်နေရာပေးနိုင်ဖို့နဲ့ တစ်ခြားတစ်နည်းနည်းနဲ့ ကူညီပေးဖို့ သဘောတူလိုက်ပါတော့တယ်။

**မေးခွန်းများ -**

၁. ဒီအခြေအနေမှာ ဖြစ်လာနိုင်တဲ့ ပြဿနာတွေက ဘာတွေလဲ?

၂. (အကယ်၍ ရှိခဲ့မယ်ဆိုရင်) ဖြစ်လာနိုင်တဲ့ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနဲ့ အလွဲသုံးမှုတွေက ဘာတွေဖြစ်မလဲ?

၃. ပေါင်လာ ဘာလုပ်သင့်လဲ?

၄. ဒီလိုအနေအထားမျိုးမှာ အလုပ်လုပ်ရတဲ့အခါ အဖွဲ့အစည်းအနေနဲ့ ဘာလုပ်နိုင်လဲ/ ဘာလုပ်သင့်လဲ?